## ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေး

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပတ်ဝန်းကျင် သန့်ရှင်းရေးဌာနခွဲသည် မြန်မာတစ်နိုင်ငံလုံး၏ သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်သည့် ဗဟိုချက် အဖွဲ့အစည်း ဖြစ်ပါသည်။ အငှမအကြိမ်မြောက် ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် ၂၀၀၅ ခုနှစ် စတင်သည့် အချိန်မှစ၍ ၂၀၀၅ ခုနှစ် အကုန်အထိ တစ်နှစ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲသည် နိုင်ငံအဝှမ်း ပြည်သူလူထုအား ယင်လုံအိမ်သာပေါင်း (၇၀၀၀၀) ကျော် ဆောက်လုပ်ရန် စည်းရုံးနိုင်ခဲ့ပါသည်။

ထို့အပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရပ်ဆိုင်းခဲ့သော အဝီစိတွင်းတူးခြင်း လုပ်ငန်းကို ၂၀၀၃ ခုနှစ်တွင် “လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့်သင်ယူလေ့လာခြင်း” နည်းလမ်းဖြင့် ပြန်လည်စတင်ခဲ့ပါသည်။ မကြာသေးမီကပင် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲသည် ခက်ခဲသော အောက်ခံဂရင်းနိုက်ကျောက်လွှာများကို လက်လှမ်းမီရာ တွင်းတူးပစ္စည်းများ အသုံးပြုသော ပန်းထုတ်နည်းပညာဖြင့် အောင်မြင်စွာ အဝီစိတွင်း တူးဖော်နိုင်ခဲ့ပါသည်။



***အဝီစိတွင်းတူးနေပုံ***

### မြို့ပြနှင့် ကျေးလက်ဒေသများတွင် ရေကောင်းရေသန့်ရရှိမှုနှင့် ယင်လုံအိမ်သာလွှမ်းခြုံမှုနှုန်း

| | စုစုပေါင်း | ကျေးလက် | မြို့ပြ | ဇစ်မြစ် |
|---|---|---|---|---|
| ရေကောင်းရေသန့်ရသောလူဦးရေ | ၇၈.၈% | ၇၄.၄% | ၉၂.၁% | MICS |
| ယင်လုံအိမ်သာသုံးသောလူဦးရေ | ၈၃.၀% | ၈၁.၀% | ၈၇.၆% | NSW |

*MICS (Multiple Indicator Cluster Survey)- မြန်မာနိုင်ငံလူမှုရေးအညွှန်းကိန်းများပြုစုခြင်းစစ်တမ်း (၂၀၀၃-ခုနှစ်၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန)*

*NSW - အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အစီရင်ခံစာ (ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲ၊ ကျန်းမာရေးဦးစီးဌာန)*

လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်မှာ အလွှာအသီးသီးရှိ အလုပ်သမားများ (ကျေးလက်တောင်သူများအပါအဝင်)၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် လုပ်ငန်းခွင်နှင့်နှီးနွယ်သောရောဂါများ၊ ထိခိုက်ဒဏ်ရာနှင့် ကျန်းမာရေးပြဿနာများမှ ကာကွယ်ရေးတို့ ဖြစ်ပါသည်။ အလုပ်သမားများနှင့် လုပ်ငန်းခွင်အား စောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးသတင်းအချက်အလက်နှင့် ပညာပေးခြင်း၊ အလုပ်ရှင်များ၊ အလုပ်သမားများသာမက အခြေခံကျန်းမာရေး ဝန်ထမ်းများကိုပါ လုပ်ငန်းခွင် ရှေးဦးသူနာပြုစုခြင်း အပါအဝင် လုပ်ငန်းခွင် ကျန်းမာရေးကျင့်ဝတ်နှင့် အလေ့အကျင့်များကို သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤဌာနခွဲသည် လေနှင့်ရေထု ညစ်ညမ်းခြင်း၊ အဆိပ်သင့်ပစ္စည်းနှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း၊ ဓာတုပစ္စည်းတို့၏ နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများ ကာကွယ်ရေးတို့ကို ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ပြည်သူ့ကျန်းမာရေးဌာနခွဲနှင့် ပူးပေါင်း၍ သောက်သုံးရေတွင် အာဆင်းနစ်ဓာတ် ပါဝင်နှုန်းနှင့် အခြားဆက်နွယ်သော တိုင်းထွာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမားများ၏ ကျန်းမာရေးမှသည် အိမ်ထောင်စု၊ ပြည်သူလူထုနှင့် တစ်နိုင်ငံလုံး၏ ကျန်းမာရေးသို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၏ ဦးတည်ချက်များအနက် တစ်ခုမှာ ကျန်းမာမှုနှင့်ပြည့်စုံသော လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဖြစ်ရေးပင် ဖြစ်ပါသည်။

လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၏ ဆောင်ရွက်ဆဲစီမံချက်များမှာ-

- ပတ်ဝန်းကျင်ကျန်းမာရေးအန္တရာယ်များ
- လုပ်ငန်းခွင်ကျန်းမာရေးနှင့်
- ကျန်းမာရေးနှင့်ညီညွတ်သောမြို့တော်(မန္တလေး)တို့ဖြစ်သည်။

လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲသည် လုပ်သားပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် နည်းလမ်းများအား အသိပေးဆွေးနွေးတင်ပြခြင်း၊ ကျန်းမာသောပတ်ဝန်းကျင်အဖြစ် စီမံနိုင်မှုစွမ်းရည်များ အားဖြည့်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အကျိုးဆက်နှင့်အန္တရာယ်ရှိမှု ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်နှင့် ဆက်နွယ်သောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။




*လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာဆန်းစစ်မှုများဆောင်ရွက်နေစဉ်*